## ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအစည်းအဝေး(၁/၂၀၁၈) နှင့် (၂/၂၀၁၈) တို့မှ သိရှိလိုက်နာဆောင်ရွက်ရန် ဆုံးဖြတ်ချက်များ (ဖြေလျော့ခြင်းများ)

၁။ တစ်မျိုးတည်းပါဝင်ဖော်စပ်ထားသောဆေးဝါးများနှင့် ပတ်သက်၍ ဆေးတစ်မျိုးချင်းစီအလိုက် စဉ်းစားဆုံးဖြတ်ရန်၊ ရုက္ခဗေဒပညာရှင်၊ တိုင်းရင်းဆေးပညာရှင်များမှ စစ်ဆေးပြီး သင့်တော်မှုရှိသော၊ ခိုင်မာသော အထောက်အထားဖြင့်တင်ပြပါက ခွင့်ပြုမည်ဖြစ်ပါသည်၊

၂။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်များ၏ အတည်ပြု၊ ကုန်ဆုံးရက်စွဲများ ညှိနှိုင်းလိုကြောင်း လျှောက်ထားလာပါက ငွေကြေးကောက်ခံခြင်းမပြုပဲ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်၊

၃။ ASEAN Harmonization အရ Maximum limit for heavy metals in TM & HS မှာ

- Lead: NMT 10.0 mg/kg or 10.0 mg/litre (10.0ppm)
- Arsenic: NMT 5.0 mg/kg or 5.0 mg/litre (5.0ppm)*
- Mercury: NMT 0.5 mg/kg or 0.5 mg/litre (0.5ppm)
- Cadmium: NMT 0.3 mg/kg or 0.3 mg/litre (0.3ppm)

  *Due to special circumstances such as national regulatory requirement, the limits of arsenic in the Phillipines is 0.3mg/litre (0.3ppm)

  WHO သတ်မှတ်ချက်အရ

- Lead : NMT 10 mg/kg (10ppm) (Quality control methods for medicinal plant materials(2011)) ဖြစ် ပါသည်၊

၄။ မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားခြင်းများအား မူလခွင့်ပြုစဉ်ကအတိုင်း တူညီပါ က မှတ်ပုံတင်(အသစ်)ကဲ့သို့ စိစစ်ခြင်းမပြုဘဲ ခွင့်ပြုရန်၊ ပြောင်းလဲလိုပါက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြောင်းလဲခွင့်လျှောက်ထားရန်ဖြစ်ပါသည်၊

၅။ ရောဂါအညွှန်းများတွင် မြစ်ပွားနာ၊ လေးဖက်နာရောဂါအသုံးအနှုန်း၊ တိမ်သလ္လာစွဲခြင်း အညွှန်းစာသားများအား စိစစ်ခွင့်ပြုရန်၊ ရောဂါအမည်များသည် ဆေးပညာရှင်များ လက်ခံနိုင်သောရောဂါအမည်များဖြစ်ရန်၊ နားလည်မှုလွဲမှားစေသော အသုံးအနှုန်းများအား ခွင့်မပြုပါ ၊

၆။ ဆေးအညွှန်းများတွင် သွေးတိုးဆီးချိုကဲ့သို့သောရောဂါများအား “ကာကွယ်ရန်” အသုံးအနှုန်း ခွင့်မပြုပါ ၊

၇။ ဆေးညွှန်းများတွင် မူအရ သုံးစွဲခွင့်မပြုခဲ့သော Ischaemic Heart Disease (IHD) ပါဝင်ခြင်း၊ အခြားဦးနှောက်သွေးကြောပိတ်၊ဆီးကျိတ်ရောင်စသည့်အသုံးအနှုန်းများနှင့်ပတ်သက်၍အထောက် အထားများ တင်ပြပါက ဖော်ပြခွင့်ပြုရန်၊

၈။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်/သက်တမ်းတိုး) များ လျှောက်ထားရာတွင် ဌာနသို့ တင်ပြသော လျှောက်လွှာတွင် ပါဝင်ပစ္စည်းအမျိုးအစားနှင့် အလေးချိန်အမျိုးအစားများ တိကျပြည့်စုံစွာ ဖော်ပြရပါ မည်၊

ဆေးဘူး/ဆေးထုပ်များ၏ ဘူးပတ်၊ဘူးချိုး၊တံဆိပ်ပတ် နှင့် ဆေးအတွင်းညွှန်းများတွင် ပါဝင်သည့် ဆေးပစ္စည်းများကိုသာ ဖော်ပြ၍ အလေးချိန်/ရာခိုင်နှုန်းများကို ဖော်ပြရန်မလိုပါ၊ ဖော်ပြလိုပါ က ဖော်ပြနိုင်သည်၊

၉။ ငဖုန်းဆေး၊ ဣသရမူလီ၊ တောင်ကြာဥ၊ ဆင်နှာမောင်း၊ ပုတီးဖြူ ပါဝင်ဖော်စပ်ထားသော ဆေးများ နှင့်ပတ်သက်၍ ရာခိုင်နှုန်းတွက်ချက်ရန်မလိုပဲ ခွင့်ပြုရန်၊

၁၀။ ဆေးအမည်ပေးရာတွင် ဆေးအုပ်စုမတူသည့်အမည်များအား ပေါင်းစပ်ထားသော ဆေးအမည် များအား သဘောသဘာဝအရတူညီမှုရှိပါက စိစစ်ခွင့်ပြုရန်၊

၁၁။ တံဆိပ်ပတ်များပေါ်တွင် လူပုဂ္ဂိုလ်များ၏ဓာတ်ပုံများထည့်သွင်းလိုပါက မြန်မာ့ယဉ်ကျေးမှုနှင့် ဆီလျော်သော ဓာတ်ပုံများထည့်သွင်းခြင်းအား စိစစ်ခွင့်ပြုရန်၊

၁၂။ ပိုင်ရှင်ပြောင်း/ပိုင်ရှင်ထပ်တိုး/ပိုင်ရှင်ပူးတွဲ လျှောက်ထားရာတွင် ယခင်ပိုင်ရှင်သည် ကျန်းမာရေး ကောင်းမွန်၍ သက်ရှိထင်ရှားရှိပါ က ယခင်ပိုင်ရှင်ကိုယ်တိုင် သက်ဆိုင်ရာ တိုင်းရင်းဆေးပညာ ဦးစီးဌာန၊မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်သို့ လာရောက်လျှောက်ထားလျှင် ကျမ်းကျိန် လွှာတောင်းခံခြင်းမပြုရန်၊ ယခင်ပိုင်ရှင်ကိုယ်တိုင် လာရောက်လျှောက်ထားသည်မှာ မှန်ကန် ကြောင်း သက်ဆိုင်ရာတိုင်းရင်းဆေးပညာ ဦးစီးဌာန၊မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်မှ ထောက်ခံတင်ပြရန်၊

၁၃။ ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးများအတွက် အတည်ပြုလက်မှတ်ရေးထိုးပြီးသော တိုင်းရင်း ဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ကတ်ပြားများအား သက်ဆိုင်ရာတိုင်းရင်းဆေးပညာ ဦးစီးဌာန၊တိုင်းဒေသကြီးရုံးများတွင် ထုတ်ပေးရန်၊ (ဆက်သွယ်ဆန္ဒပြုလာပါက သက်ဆိုင်ရာ တိုင်းရင်းဆေးပညာဦးစီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ထုတ်ပေးရန်)၊

၁၄။ ခွင့်ပြုပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်များနှင့် ပေးဆောင်ရမည့် ကျသင့်ငွေများအား တိုင်းရင်းဆေးပညာဦးစီးဌာန၏ Website ဖြစ်သော www.dtm.gov.mm တွင် ကြည့်ရှုရန်၊

DTM